ကျွန်တစ်ဦးသည် အစားအစာ စားပြီးနောက် ထိုအပေါ်

အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင် သို့မဟုတ်

သောက်စရာကို သောက်သုံးပြီးနောက် ထိုအပေါ်

အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင်

အလ္လာဟ်အရှင်မြတ်သည် ၎င်းအားအမှန်တကယ်ပင်

ကျေနပ်နှစ်သက်တော်မူသည်။

အနတ်စ်ဗင်န်မာလိက်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကျွန်တစ်ဦးသည်
အစားအစာ စားပြီးနောက် ထိုအပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင် သို့မဟုတ်
သောက်စရာကို သောက်သုံးပြီးနောက် ထိုအပေါ် အရှင်မြတ်အား ချီးမွမ်းထောမနာပြုလျှင်
အလ္လာဟ်အရှင်မြတ်သည် ၎င်းအားအမှန်တကယ်ပင် ကျေနပ်နှစ်သက်တော်မူသည်။
[صحيح] [رواه مسلم]

ကျွန်တစ်ဦးအနေဖြင့် အလ္လာဟ်အရှင်မြတ် ချီးမြှင့်ထားသော ကျေးဇူးတော်များ၊ နိအ်မသ်စည်းစိမ်များနှင့် ပတ်သက်၍ အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းသည်အလ္လာဟ်အရှင်မြတ်၏ နှစ်သက်မှုကိုရရှိစေသည့်ကိစ္စများတွင် ပါဝင်ကြောင်းတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်။ သို့ဖြစ်၍အစားအစာ စားပြီးနောက် ‘အလ်ဟမ်ဒုလိလ္လာဟ်’ ဆိုရမည်။ သောက်စရာကို သောက်သုံးပြီးနောက် ‘အလ်ဟမ်ဒုလိလ္လာဟ်’ ဆိုရမည်။

http://www.sunnah.global/hadeeth/my/show/5798